
ထနစ်ရှင်
(တန့်ယာန့်)
ဘီလျံနာသူဌေးမ
ဘာသာပြန်-Phoenix Community
စာစဥ်(၁၁)

# အခန်း (၁၀၁)
# သက်တော်စောင့်အဖွဲ့ ရောက်ရှိခြင်း

*

အယ်လီဆာ၏ နေအိမ်သို့ သွားရာလမ်းတွင် ကာရင်းမှာ စိတ်လှုပ်ရှားမှုနှင့် ရင်ခုန်မှုတို့ ကြောင့် အယ်လီဆာ၏ရောဂါ ကုသမည့် အကြောင်းကို တန်ယန်နှင့် သေချာစွာ ဆွေးနွေး ရန်ပင် ခဏတာ မေ့လျော့နေခဲ့သည်။

တန်ယန်သည် ကာရင်း၏ ခံစားချက်ကို နားလည်ပေးနိုင်ပါ၏။ ၎င်းတို့နှစ်ဦးမှာ အလွန် ရင်းနှီးသည့် သူငယ်ချင်းများ ဖြစ်ကြပေ လိမ့်မည်။ အကယ်၍ သူမနှင့်မီကိုသာ ထိုသို့ သော အခြေအနေမျိုး ကြုံတွေ့ရပါက သူမလည်း

ဤကဲ့သို့ပင် တုံ့ပြန်မိမည်မှာ အသေအချာပင်ဖြစ်၏။ ထို့ကြောင့် သူမသည် ကာရင်း၏ ငြိမ်သက်မှုကို မနှောင့်ယှက်ဘဲ စိတ်ထဲ၌သာ ယိတျုန်တျန်နှင့် စကားပြောနေလိုက်သည်။

မနေ့က ယွမ်ဘီလီယံ (၅၀) သုံးစွဲရမည့်တာဝန်ပြီးမြောက်သွားပြီးနောက် ညနေပိုင်း ဟိုတယ်သို့ ပြန်ရောက်သည့်အခါ ဆုလာဘ်များကို လက်ခံရရှိခဲ့သည်။ သုံးစွဲလိုက်သည့် ငွေပမာဏ၏ (၃) ဆ ပြန်လည်ရရှိသည့်အပြင် ရွှေရောင်ကံစမ်းမဲ သေတ္တာ (၁၀၀)၊ Nightfall လုံခြုံရေး ကုမ္ပဏီနှင့် Flo စံအိမ်ကြီးတို့ကိုပါ ရရှိခဲ့ခြင်း ဖြစ်သည်။

ငွေသားပြန်အမ်းသည့် ဆုလာဘ်ကို သူမအထူးတလည် မအံ့သြတော့သော်လည်း အခြားသော ဆုလာဘ်များကမူ သူမကို များစွာ ကျေနပ်အားရစေခဲ့၏။ သူဌေးကြီးများမှာ မမျှော်လင့်ထားသော ဖြစ်ရပ်များကို ကိုင်တွယ်ရန်

သက်တော်စောင့်များစွာ လိုအပ်သည်ဟု သူမ ကြားဖူးထားလေသည်။ ယခုအခါ သူမနှင့် သူမ၏ မိသားစုအတွက် ထိုသို့သော အစီအစဉ် မျိုးကို နောက်ဆုံး၌ ဖန်တီးနိုင်ခဲ့ပြီ ဖြစ်သည်။

Nightfall လုံခြုံရေး ကုမ္ပဏီ၏ အကြီးအကဲ သည် ယနေ့ညတွင် သူမ၏ ကိုယ်ရံတော် အဖွဲ့ နှင့်အတူ YL နိုင်ငံသို့ ရောက်ရှိလာကာ သူမနှင့် တွေ့ဆုံမည်။ ဤအဖွဲ့မှာ တစ်ကမ္ဘာလုံး၌ လက်နက်ကိုင်ဆောင်ခွင့် လက်မှတ်များ ရရှိ ထားသည့် ထိပ်တန်းအဆင့် ကိုယ်ရံတော်များ ဖြစ်ပြီး နိုင်ငံတော် အကြီးအကဲများ၏ လုံခြုံရေး အဖွဲ့နှင့်ပင် ယှဉ်နိုင်လေသည်။

လက်ရှိတွင် သူမအနေဖြင့် ထိုမျှမြင့်မားသော လုံခြုံရေး အဆင့်အတန်း မလိုအပ်သေး သော်လည်း ၎င်းတို့ကို တွေ့ရမည်ဖြစ်၍ မျှော်လင့်မိနေဆဲပင် ဖြစ်၏။

ရွှေရောင်သေတ္တာ (၁၀၀) အတွင်းမှလည်း F နိုင်ငံရှိ ဝိုင်ထုတ်လုပ်ရေး လုပ်ငန်းနှစ်ခု၊ YL နိုင်ငံရှိ ရဲတိုက်ကြီးတစ်ခု၊ မြင်းမွေးမြူရေး ခြံတစ်ခု၊ XL နိုင်ငံရှိ လယ်ယာခြံတစ်ခု၊ ဘုရင်မကြီး၏ ရာဇလုံတံ၊ ထိန်ဖေးကုမ္ပဏီ၏ ရှယ်ယာ (၃၀) ရာခိုင်နှုန်း၊ ယွီယင်းပလက်ဖောင်း၏ ရှယ်ယာ (၃၀) ရာခိုင်နှုန်း၊ (A) မြို့တော်ရှိ ဥယျာဉ်ခြံနှင့်အိမ်၊ W မြို့တော်ရှိ ဟုန်မေစံအိမ်ရာ အတွင်းမှ သီးသန့်ဗီလာတစ်လုံး၊ တစ်နှစ်အတွင်း ထုတ်ပေးမည့် ကတ်ပြား (၅) ခု၊ ဇိမ်ခံကား (၁၀) စီးနှင့် ငွေသားယွမ် သန်း (၃၀၀) တို့ကို ရရှိခဲ့သည်။

မိနစ်လေးဆယ်ခန့် ကြာပြီးနောက် မော်တော်ယာဉ်မှာ YL နိုင်ငံရှိ အာဏာရှိသူများနှင့် သူဌေးကြီးများ နေထိုင်ရာ နာမည်ကျော် အနောက်ပိုင်းရပ်ကွက် အတွင်းသို့ ဝင်

ရောက်လာခဲ့လေသည်။ လမ်းများပေါ်တွင် ကင်းလှည့်နေသော ရဲအရာရှိများကိုလည်း ပိုမို တွေ့မြင်လာရ၏။

တန်ယန်သည် ကားပြတင်းပေါက် အပြင်ဘက်မှ ဖြတ်သန်းသွားသော အမည်မသိ သစ်ပင်များကို ကြည့်နေမိသည်။ ခါးသီးသော ဆောင်းရာသီမှာပင် ထိုသစ်ပင်တို့မှာ စစ်သားများ စနစ်တကျ တန်းစီနေသကဲ့သို့ မတ်မတ်ရပ်လျက် ဖြတ်သန်းသွားသော ယာဉ်တန်းကို အလေးပြုနေကြသယောင် ထင်ရပေသည်။

မော်တော်ယာဉ်သည် မြင့်မားသော တံတိုင်းများရှိသည့် အိမ်တစ်လုံး၏ အပြင်ဘက်သို့ ရောက်ရှိလာပြီး အတွင်းလမ်းသို့ မဝင်ရောက်မီ စစ်ဆေးရေးဂိတ် သုံးခုကို ဖြတ်ကျော်ခဲ့ရ၏။

'တကယ့်ကို ခမ်းနားလိုက်တာ' ဟု တန်ယန် စိတ်ထဲမှ ကျိတ်၍ တွေးမိနေသည်။

'ဒါသာ C နိုင်ငံရဲ့ မြို့တော်မှာဆိုရင် ကိုယ်ပိုင်နေအိမ်အတွက် ဒီလောက်အကျယ်ကြီး ပိုင်ဆိုင်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး'

ကားသည် နောက်ထပ် (၁၅) မိနစ်ခန့် ဆက်လက် မောင်းနှင်ပြီးနောက် ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်တစ်ခု၏ အဝင်ဝနှင့် ဆင်တူသော နေရာ၌ ရပ်တန့်လိုက်သည်။ တန်ယန်သည် ကာရင်းနှင့်အတူ ကားပေါ်မှ ဆင်းလိုက်ရာ အတွင်းပိုင်း၌ အိမ်အကူကြီးက လာရောက်၍ ကြိုဆိုပေး၏။

"မစ္စကာရင်း၊ မစ္စယာနာ... ကျွန်တော့်နောက်ကို လိုက်ခဲ့ပေးပါခင်ဗျာ"

အိမ်အကူကြီးသည် ၎င်းတို့အား ဧည့်ခန်းမဆောင်ကြီး အတွင်းသို့ လမ်းပြ ခေါ်ဆောင်သွားပြီးနောက် အိမ်ဖော်မိန်းကလေး တစ်ဦးက အယ်လီဆာ ရှိရာသို့ ဆက်လက် ခေါ်ဆောင်သွား

သည်။

ညှော့ခန်းမဆောင်မှတစ်ဆင့် ဆက်သွယ်ထားသော စင်္ကြံလမ်းအတိုင်း ဆယ်မိနစ်ခန့် လမ်းလျှောက်ပြီးနောက် အနောက်ဘက် ခြံဝန်းရှိ ညှော့ခန်းငယ် တစ်ခုသို့ ရောက်ရှိလာခဲ့၏။ ဤအခန်းမှာ အယ်လီဆာ ညှော့သည်များကို လက်ခံတွေ့ဆုံရာတွင် အသုံးပြုသည့် အခန်းငယ်လေးပင်။

သူတို့နှစ်ဦးသည် ဆိုဖာပေါ်တွင် ထိုင်လျက် အိမ်ဖော်မလေး ယူဆောင်လာသော လက်ဖက်ရည်ကို သောက်ရင်း ခေတ္တစောင့်ဆိုင်းနေပြီးနောက် နောက်ဆုံးတွင် အယ်လီဆာသည် မျက်နှာဖုံးတစ်ခုကို တပ်ဆင်လျက် ရောက်ရှိလာခဲ့သည်။

"အယ်လီဆာ... မတွေ့တာ ကြာပြီနော်"

ကာရင်းသည် ရှေ့သို့တိုးကာ သူမကို ဖက်လှဲတ

ကင်း နှုတ်ဆက်လိုက်ပြီးနောက် တန်ယန်နှင့် မိတ်ဆက်ပေးလိုက်သည်။

"ဒါက တန်ယန်တဲ့ သူက ဒီနှစ်မှာတင် ရှိုပန် အထူးဆုကို ဆွတ်ခူးထားတဲ့ ပါရမီရှင် ပီယာနို ပညာရှင် တစ်ယောက်ပေါ့"

ထို့နောက် အယ်လီဆာကိုလည်း တန်ယန်နှင့် မိတ်ဆက်ပေးလိုက်ရာ သုံးဦးသား ပျော်ပျော်ပါး ပါး စကားစမြည် ပြောဖြစ်ကြသည်။

"ဟူး... ကာရင်း ငါ့အခြေအနေကို နင်လည်းသိ တာပဲ၊ ငါ ရက်လို့ ဘယ်သူ့ကိုမှ မတွေ့ဖြစ်ဘူး၊ နေ့တိုင်း ညှဉ်းပန်းနှိပ်စက် ခံနေရသလိုပဲ ခံစား နေရတယ် အခုလို နင်လာတွေ့ပြီး သူငယ်ချင်း သစ် တစ်ယောက်နဲ့ မိတ်ဆက်ပေးတာကို ငါ တကယ် ဝမ်းသာပါတယ်"

အယ်လီဆာသည် ယခုတလော စိတ်ပိုင်း ဆိုင်ရာ အလွန် မတည်မငြိမ် ဖြစ်နေခဲ့ရသည်။

တစ်နေ့လုံး အခန်းထဲမှာပင် အောင်းနေတတ်ပြီး မည်သူ့ကိုမျှလည်း မတွေ့ချင်တော့ချေ။ ယနေ့တွင် သူမထွက်လာရန် သဘောတူခဲ့ခြင်းမှာ ကာရင်းသည် သူမ၏ အရင်းနှီးဆုံး သူငယ်ချင်း ဖြစ်ရုံသာမက ကာရင်းက သူမကို မျှော်လင့်ချက်အလင်းတန်းလေးတစ်ခု ပေးခဲ့သောကြောင့် ဖြစ်သည်။ အောင်မြင်မည်၊ မအောင်မြင်မည်ကို မသေချာသော်လည်း သူမအနေဖြင့် သတ္တိမွေးကာ စမ်းသပ်ကြည့်ချင်သေး၏။

"နည်းနည်းတော့ ရုတ်တရက် ဆန်သွားမလား မသိဘူး၊ ဒါပေမဲ့ အယ်လီဆာရဲ့ မျက်နှာကို ငါ တစ်ချက်လောက် ကြည့်ခွင့်ရမလားဟင် မျက်နှာဖုံးလေး ခဏလောက် ချွတ်ပေးလို့ ရမလား"

အမှန်တကယ်တော့ တန်ယန်ကိုယ်တိုင်က ကြည့်ချင်ဇော ရှိနေ၍ မဟုတ်ဘဲ ယိတျန်တျန်

အနေဖြင့် ကုသပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိနိုင်ရန် အတွက်သာ ဖြစ်သည်။

အယ်လီဆာသည် ခဏမျှ ဝေခွဲမရ ဖြစ်နေပြီးမှ သူမ၏လက်ကို ဖြည်းညှင်းစွာမြှောက်ကာ မျက်နှာဖုံးကို ချွတ်လိုက်သည်။

【ဟေး... အဲဒီ အလှအပဆိုင်ရာ ဆေးရည်က သုံးလို့ရ၊ မရ စစ်ဆေးပေးပါဦး】

【အရှင်... ဆိုင်ထဲက အလှအပဆိုင်ရာ ဆေးရည်ကတော့ အသုံးဝင်မှာ မဟုတ်ဘူး အရှင်တစ်ခေါက် ကံစမ်းမဲနှိုက်တုန်းက ရထားတဲ့ အရေပြား ပြုပြင်ဆေးရည်ကို မှတ်မိလား၊ အဲဒါ ဆိုရင်တော့ အဆင်ပြေလိမ့်မယ်】

【အဲဒီလိုလား၊ ဒါဆိုရင် အဲဒီဆေးရည်ကို ငါ့ အတွက် ထုတ်ပေးလို့ရမလား】

တန်ယန် တစ်စုံတစ်ခုကို ရုတ်တရက် သတိရ သွားပြီး ယိတျန်တျန်ကို ဂရုတစိုက်ဖြင့် ထပ်မံ

မှာကြားလိုက်သည်။

【ဒါနဲ့... အဲဒီဆေးရည်ကို နည်းနည်းလောက် ရောပေးပါဦး၊ သူမအနေနဲ့ တစ်ပတ်အတွင်းမှာ ပြန်ကောင်းလာစေမယ့် ပမာဏမျိုးပေါ့】

【ရပါပြီအရှင်၊ ဒါဆိုရင်တော့ လိမ်းဆေးအဖြစ် ပြောင်းလဲလိုက်ပါ့မယ် အကျိုးသက်ရောက်မှု ပြဖို့အတွက်တော့ အချိန်အနည်းငယ် ပိုကြာပါလိမ့်မယ်】

【အဲဒါက ပိုကောင်းပါတယ်၊ မဟုတ်ရင် ဘယ်သူကမှ ဒီအတိုင်း အကြောင်းရင်း မရှိဘဲ ပေါ်လာတဲ့ အရည်ကို သောက်မှာ မဟုတ်ဘူးလေ】

【အင်း... အဲဒါလည်း ဟုတ်တာပဲ ကဲ... အရှင်၊ အရှင်ရဲ့အိတ်ထဲကနေ ထုတ်ယူလိုက်ပါတော့】

တန်ယန်သည် သူမ၏ အိတ်အတွင်းသို့နှိုက်ကာ မွှေနှောက်ရှာဖွေဟန်ပြုရင်း ထိုရောနှောထား

သော အရေပြား ပြုပြင်ဆေးရည် အနည်းငယ်ကို ထုတ်ယူလိုက်သည်။

"အယ်လီဆာ… ငါ့အရင်က ဒီလိုမျိုးအခြေအနေ တစ်ခုနဲ့ ကြုံဖူးတယ် အဲဒီတုန်းက နာမည်ကြီး ဆရာဝန် တစ်ယောက်နဲ့ တိုင်ပင်ပြီး ဒီပြုပြင် ဆေးရည်ကို ဖော်စပ်ခဲ့တာပဲ ဒါကို နင့်မျက်နှာ ပေါ်က အမည်းစက်တွေရှိတဲ့ နေရာမှာ လိမ်းပေး ရုံပဲ၊ တစ်ပတ်ကြာရင်တော့ အံ့ဖွယ်ရလဒ်ကို မြင် ရလိမ့်မယ်"

အယ်လီဆာသည် သူမရှေ့ရှိ ဖန်ပုလင်း အသေး လေးထဲမှ အစိမ်းနုရောင် အရည်ကို အံ့အားသင့် စွာ စိုက်ကြည့်နေမိလေသည်။ ဒါက… တကယ်ပဲ အလုပ်ဖြစ်ပါ့မလား။

အယ်လီဆာ ဝေခွဲမရ ဖြစ်နေသည်ကို မြင် သောအခါ ကာရင်းက အားပေးစကား ဆို လိုက်၏။

"အယ်လီဆာ... နင်တတ်နိုင်သမျှ နည်းလမ်းအားလုံးကို စမ်းကြည့်ပြီးပြီပဲ၊ အခုတစ်ကြိမ်တော့ ယာနာ့ကို ယုံကြည်ကြည့်လိုက်ပါလား သူက မသေချာတဲ့ အလုပ်မျိုးကို လုပ်မယ့်သူ မဟုတ်ဘူးလို့ ငါထင်တယ် ငါက တခြား ဘယ်သူ့ထက်မဆို နင့်ကိုအမြန်ဆုံး ပြန်ကောင်းစေချင်တာ၊ ပြန်ကောင်းလာရင် တို့တွေအတူတူ ဈေးဝယ်ထွက်ပြီး ဖက်ရှင်ရှိုးတွေ သွားကြည့်ကြမယ်လေ"

အယ်လီဆာသည် မျက်ရည်များ ဝဲလာကာ စိတ်လှုပ်ရှားသွားရတော့သည်။ ဤကဲ့သို့သော မိသားစုမျိုးတွင် ကြီးပြင်းလာရသူဖြစ်ရာ စစ်မှန်သော သူငယ်ချင်းရရှိရန် သူမအတွက် အလွန် ခက်ခဲလှပေသည်။ ကာရင်းနှင့်မူ ပွဲတစ်ခုတွင် ဆုံတွေ့ခဲ့ခြင်း ဖြစ်၏။ အချို့သောသူများမှာ မည်သည့်အချိန်တွင် ဆုံတွေ့သည်ဖြစ်စေ ထို

အချိန်မှာ အမြဲတမ်း အချိန်ကောင်းပင်။ အကြောင်းမှာ မိမိက ဘာကိုပြောပြော၊ ဘာကို လုပ်လုပ် တစ်ဖက်လူက အမြဲတမ်း မိမိနှင့် စိတ်ချင်း ဆက်နွယ်နေတတ်သောကြောင့် ဖြစ်၏။ သူမနှင့် ကာရင်းမှာလည်း အတိအကျပင် ထို ကဲ့သို့ ဆက်ဆံရေး ဖြစ်သည်။

"အင်း၊ ငါသေချာပေါက် သုံးပဲ့မယ်၊ ကျေးဇူးတင်ပါတယ် ယာနာ"

အယ်လီဆာသည် တန်ယန်နှင့် ကာရင်းတို့ကို ကြည့်ကာ ထိုနေ့၏ ပထမဆုံးသော စစ်မှန်သည့် အပြုံးဖြင့် ပြုံးပြလိုက်သည်။

*

တန်ယန် စံအိမ်ဝန်း အတွင်းသို့ ပြန်ရောက်ပြီး မကြာမီမှာပင် ချင်ယွီရုံသည် ရီမင်လုံခြုံရေး ကုမ္ပဏီ၏ အကြီးအကဲနှင့်အတူ ရောက်ရှိလာ ခဲ့၏။

"မင်္ဂလာပါ မစ္စတန် ကျွန်တော် ဆူနေးပါ အခုလို တွေ့ရတာ ဝမ်းသာပါတယ်"

တန်ယန် စိတ်ကူးထားသကဲ့သို့ ဗလတောင့်တောင့် လူကြီးတစ်ယောက် မဟုတ်ဘဲ ဆူနေးမှာ ရွှေရောင်မျက်မှန် တပ်ဆင်ထားသည့် ပညာတတ်ပုံစံ ယဉ်ကျေးသိမ်မွေ့သူတစ်ဦး ဖြစ်နေလေသည်။ ထူးခြားသည်မှာ သူ၏ ခရမ်းရောင် မျက်လုံးတစ်ဖက်ပင် ဖြစ်၏။

"မင်္ဂလာပါ ဆူနေး၊ နောင်ဆိုရင် ငါ့မိသားစုရဲ့ ဘေးကင်းလုံခြုံရေးက နင့်အပေါ်မှာပဲ မူတည်တော့မှာနော်"

ဆူနေးသည် သူ၏ အရှင်သစ်မှာ ဤမျှ ငယ်ရွယ်ပြီး ချဉ်းကပ်ရလွယ်ကူသူ ဖြစ်နေသည်ကို သိရသဖြင့် အံ့ဩမိလေသည်။

"ဒါက ကျွန်တော်တို့ လုပ်ဆောင်ရမယ့် တာဝန်ပါခင်ဗျာ ဒါကတော့ မစ္စအတွက် ကျွန်တော်

သချောရွေးချယ်ထားတဲ့ ကိုယ်ရံတော်အဖွဲ့ပဲ ဖြစ်ပါတယ်၊ သူတို့ တစ်ယောက်ချင်းစီက လူဆယ်ယောက်ကို တစ်ပြိုင်တည်း ယှဉ်တိုက်နိုင်စွမ်း ရှိကြပါတယ်"

ဆူနေး၏ ယုံကြည်မှု အပြည့်ရှိသော စကားကို ကြားလိုက်ရသည့်အခါ တန်ယန် စိတ်ဝင်စားသွားလေသည်။ သူမ၏ ကိုယ်ခံပညာမှာ အလယ်အလတ် အဆင့်သို့ ရောက်ရှိနေပြီး ခန္ဓာကိုယ် ကြံ့ခိုင်မှုမှာလည်း အမှတ် (၁၀၀) အပြည့် ရှိနေပြီဖြစ်ရာ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားလျှင် သူမသည် ထိပ်တန်းပညာရှင်တစ်ဦး ဖြစ်နေသင့်သည်။ သို့သော်လည်း သူမ၏ စွမ်းရည်များကို စမ်းသပ်ရန် အခွင့်အရေး တစ်ခါမျှ မရရှိခဲ့ဖူးချေ။

"ဒါဆို တို့တွေ တစ်ယောက်နဲ့တစ်ယောက် စမ်းသပ်တိုက်ခိုက် ကြည့်ကြမလား"

တန်ယန်က စိတ်အားထက်သန်နေသည့် အမူအရာဖြင့် မေးလိုက်သည်။

"လက်ရည်စမ်းမယ် ဟုတ်လား"

ဆူနေးသည် အံ့အားသင့်သွားရုံမျှမက မိမိနား ကြားများ မှားလေသလားဟုပင် သံသယ ဝင်မိသွားလေသည်။ မိမိရှေ့မှ လက်မောင်းသေးသေး၊ ခြေတံသေးသေးနှင့် မိန်းကလေးက ဤကဲ့သို့သော တောင်းဆိုမှုကို လုပ်လာသည်မှာ မည်သို့မျှ မဖြစ်နိုင်ဟု ထင်မှတ်ရသည်။

"ကောင်းပြီလေ၊ စမ်းကြည့်ကြတာပေါ့"

တန်ယန်က ယုံကြည်မှု အပြည့်ဖြင့် ခေါင်းညိတ်ပြလိုက်သည်။

***